# မြန်မာ့အာမခံလုပ်ငန်းမှ လက်ခံဆောင်ရွက်လျက်ရှိသော အသက်အာမခံလုပ်ငန်းများ

(၁) နိုင်ငံ့ဝန်ထမ်းအသက်အာမခံ (ကာလတို)
(၂) ပြည်သူ့ဝန်ထမ်းအသက်အာမခံ
(၃) တပ်မတော်သားအသက်အာမခံ
(၄) ပြည်သူပြည်သားအသက်အာမခံ
(၅) စုပေါင်းအသက်အာမခံ
(၆) သင်္ဘောသားအသက်အာမခံ
(၇) မြန်မာနိုင်ငံသား(တရားဝင်)ပြည်ပအလုပ်သမားအသက်အာမခံ
(၈) မြွေအန္တရာယ်အသက်အာမခံ
(၉) အားကစားသမားများကိုယ်အင်္ဂါထိခိုက်မှုအသက်အာမခံ
(၁၀) ကျန်းမာရေးအာမခံ
(၁၁) တောင်သူလယ်သမားအသက်အာမခံ
(၁၂) နှစ်တိုငွေပင်ငွေရင်းအသက်အာမခံ(Short Term Endowment Life Insurance)

## ကိုယ်စားလှယ်များဆောင်ရွက်ခွင့်ရှိသောအသက်အာမခံလုပ်ငန်းများနှင့်ကော်မရှင်နှုန်း

| | |
|---|---|
| (၁) ပြည်သူပြည်သားအသက်အာမခံလုပ်ငန်း | (ပ) နှစ် ၂၀% ၊ ကျန်နှစ် ၅% |
| (၂) စုပေါင်းအသက်အာမခံလုပ်ငန်း | ၁၅% |
| (၃) မြွေအန္တရာယ်အသက်အာမခံလုပ်ငန်း | ၈% |
| (၄) ကျန်းမာရေးအာမခံလုပ်ငန်း | ၁၀% |
| (၅) တောင်သူလယ်သမားအသက်အာမခံ | ၁၀% |
| (၆) နှစ်တိုငွေပင်ငွေရင်းအသက်အာမခံ | (ပ) နှစ် ၁၅% ၊ ကျန်နှစ် ၃% |

## (၁) နိုင်ငံ့ဝန်ထမ်းအသက်အာမခံ (ကာလတို)

- နိုင်ငံ့ဝန်ထမ်းအသက်အာမခံ(ကာလတို)ကို အသက် ၁၈ နှစ်မှ ၅၇ နှစ် အထိရှိသော ဝန်ထမ်းများထားရှိနိုင်ပါသည်။
- အာမခံသက်တမ်း ၃နှစ်၊ ၅နှစ် နှင့် ၁၀နှစ် ရွေးချယ်ထားရှိနိုင်ပါသည်။
- အနည်းဆုံး ကျပ် ၁ သိန်းမှ အများဆုံး ကျပ် သိန်း ၃၀၀ အထိ ထားရှိနိုင်ပါသည်။
- အသက်အာမခံနည်းဥပဒေများအခန်း(၂)၊ အပိုဒ်(၃)အရ ဝန်ထမ်းတစ်ဦး၏လစဉ်ပေးသွင်းရမည့် ပရီမီယံငွေသည်လစာ၏ ၁၅% ထက်မကျော်လွန်စေရပါ။
- အာမခံထားငွေကျပ် ၂၀ သိန်း အထိ ဆေးစစ်ကင်းလွတ်ခွင့်ဖြင့်လက်ခံပေးပါသည်။
- အာမခံထားငွေ ကျပ် ၂၀ သိန်းအထက်ကျော်ပါက ကျန်းမာရေးဝန်ကြီးဌာန အသိအမှတ်ပြု ဆရာဝန်၏ ကျန်းမာကြောင်း ဆေးစစ်ထောက်ခံချက်ဖြင့် အာမခံထားရှိနိုင်ပါသည်။
- အာမခံအကျိုးခံစားခွင့်အား မည်သူ့ကိုမဆို တစ်ဦးတည်းဖြစ်စေ (သို့) တစ်ဦးထက်ပို၍ဖြစ်စေ ကြိုက်နှစ်သက်ရာ ရာခိုင်နှုန်းအချိုးအစားအလိုက် လွှဲပြောင်းပေးနိုင်ပါသည်။
- အာမခံသက်တမ်းအတွင်း သေဆုံးမှုအကာအကွယ်ရရှိမည်ဖြစ်ပြီး အာမခံသက်တမ်းစေ့လျှင်လည်း အပိုဆု(အမြတ်ငွေ)ပါသော အကျိုးခံစားခွင့်ကို အာမခံထားသူကိုယ်တိုင် ထုတ်ယူနိုင်ပါသည်။
- **ဥပမာ - အသက် ၃၀ နှစ် ရှိသူ ဝန်ထမ်းသည် အာမခံထားငွေ ကျပ် ၁၀ သိန်းကို အာမခံသက်တမ်း ၁၀ နှစ် ထားရှိပါက ၎င်းအသက် ၄၀ နှစ် တွင် နှစ်စေ့အကျိုးခံစားခွင့် တောင်းခံငွေ ကျပ် ၁၂ သိန်း ရရှိမည် ဖြစ်ပါသည်။**
- အာမခံထားသူသည် ပေါ်လီစီတည်မြဲနေစဉ်အတွင်း ရုတ်တရက်ထိခိုက်ခြင်းကြောင့် လည်းကောင်း၊ ရောဂါကြောင့်လည်းကောင်း ထာဝစဉ်မသန်စွမ်းဖြစ်၍ ဝင်ငွေရရှိသောအလုပ်အကိုင်ကို လုံးဝမလုပ်ကိုင်နိုင်လျှင် အာမခံထားငွေကို တစ်လုံးတည်းထုတ်ပေးပါမည်။

## (၂) ပြည်သူ့ဝန်ထမ်းအသက်အာမခံ

- ၁၉၉၃ ခုနှစ်၊ မြန်မာ့အာမခံဥပဒေအခန်း(၆)၊ ပုဒ်မ(၁၃)အရ ပြည်သူ့ဝန်ထမ်းများသည် အသက်အာမခံမထားမနေရထားရှိရပါမည်။
- အသက် ၁၈ နှစ်မှ ၅၅ နှစ်အထိရှိသောပြည်သူ့ဝန်ထမ်းများအာမခံထားရှိနိုင်ပါသည်။
- အသက် ၅၀ နှစ်မပြည့်သေးသည့် ပြည်သူ့ဝန်ထမ်းတိုင်း မထားမနေရထားရှိရမည်။
- အသက်၅၀ နှစ်ပြည့်ပြီးသည့် ဝန်ထမ်းများမှာမူ ကင်းလွတ်ခွင့်ရှိပါသည်။
- အာမခံထားငွေအများဆုံး ကျပ်သိန်း ၃၀၀ အထိ ထားရှိနိုင်ပါသည်။
- အာမခံသက်တမ်းနှင့် အာမခံထားငွေပေါ်မူတည်၍ ပရီမီယံတွက်ချက်ပါသည်။

- အသက် ၁၈ နှစ်မှ အသက် ၅၀နှစ် အထိ၊ အာမခံထားငွေကျပ် ၂၀ သိန်း အထိ ဆေးစစ်ခြင်း ကင်းလွတ်ခွင့်ဖြင့် လက်ခံပါသည်။
- အသက် ၅၀ နှစ်အထက်ကျော်လျှင်သော်လည်းကောင်း၊ အာမခံထားငွေကျပ် ၂၀ သိန်း အထက် ကျော်လျှင်သော်လည်းကောင်း ကျန်းမာရေးဝန်ကြီးဌာန အသိအမှတ်ပြု ဆေးရုံဆေးခန်းမှ ဆရာဝန်၏ထောက်ခံချက် (သို့) ဆေးစစ်ချက် ပူးတွဲတင်ပြရမည်။
- အသက်အာမခံနည်းဥပဒေများအခန်း (၂)၊ အပိုဒ်(၃)အရ ဝန်ထမ်းတစ်ဦး၏လစဉ်ပေးသွင်းရမည့် ပရီမီယံငွေသည် လစာ၏ ၁၅% ထက်မကျော်လွန်စေရပါ။
- **အာမခံထားငွေကျပ် ၁၀၀,၀၀၀/-လျှင် အသက်အပိုင်းအခြားအလိုက် လစဉ်ပရီမီယံ အနည်းဆုံး ကျပ် ၁၈၄ မှ အများဆုံး ကျပ် ၁၇၃၉.၂ ပေးသွင်းရပါမည်။**

## (၃) တပ်မတော်သားအသက်အာမခံ

- ၁၉၉၃ ခုနှစ်၊ မြန်မာ့အာမခံလုပ်ငန်းဥပဒေ အခန်း ၆၊ ပုဒ်မ၁၃အရ တပ်မတော်သားများသည် အသက်အာမခံ မထားမနေရ ထားရှိရပါမည်။
- အသက် ၁၈ နှစ်မှ ၅၅ နှစ်အထိရှိသော တပ်မတော်အရာရှိနှင့် စစ်သည်များ မထားမနေရ ထားရှိရမည့် အာမခံအမျိုးအစားဖြစ်ပါသည်။
- အာမခံထားငွေအများဆုံး ကျပ်သန်း ၃၀ အထိ ထားရှိနိုင်ပါသည်။
- အာမခံထားငွေကျပ် ၂ သန်းအထိ ဆေးစစ်ခြင်းကင်းလွတ်ခွင့်ဖြင့် လက်ခံပါသည်။
- အာမခံထားငွေကျပ် ၂ သန်းအထက် ကျော်ပါက ကျန်းမာရေးဝန်ကြီးဌာန အသိအမှတ်ပြု ဆေးရုံ ဆေးခန်းမှ ဆရာဝန်၏ ထောက်ခံချက် (သို့) ဆေးစစ်ချက် ပူးတွဲတင်ပြရပါမည်။
- အာမခံသက်တမ်းကို ၅ နှစ်၊ ၁၀ နှစ်၊ ၁၅ နှစ် စသည်ဖြင့် ထားရှိနိုင်ပါသည်။
- ပရီမီယံစတင်ပေးသွင်းသည့်နေ့သည် အာမခံစသည့်နေ့ ဖြစ်ပါသည်။
- **အာမခံထားငွေကျပ် ၁၀၀,၀၀၀/- ကို အာမခံသက်တမ်း ၅နှစ်ထားရှိပါက အသက်အပိုင်းအခြား အရ တစ်လလျှင် အနည်းဆုံး ပရီမီယံကျပ် ၁၆၆၃ မှ အများဆုံး ကျပ် ၁၇၆၄ ပေးသွင်းရပါမည်။**

## (၄) ပြည်သူ့ပြည်သားအသက်အာမခံ

- ပြည်သူ့ပြည်သားတစ်ဦးအနေဖြင့် မိမိဆန္ဒအလျောက်ထားရှိနိုင်ပါသည်။
- အသက် ၁၀ နှစ်မှ ၅၅ နှစ်အထိ ထားရှိနိုင်ပါသည်။
- အာမခံထားငွေအနည်းဆုံး ကျပ် ၅၀,၀၀၀/- မှ အများဆုံးကျပ်သန်း ၃၀ အထိ ထားရှိနိုင်ပါသည်။
- အာမခံထားသူတိုင်းအထူးကုဆရာဝန်ဖြင့်ဆေးစစ်ရပါမည်။
  (X-rays,E.C.G,Ultra Sound ဆီးချို/သွေးချို၊ ဘီပိုး/စီပိုး ဆေးစစ်ချက်များအား တင်ပြရပါမည်။)
- ပရီမီယံကို ၃ လ၊ ၆ လ၊ ၁ နှစ်စသည်ဖြင့် အရစ်ကျပေးသွင်းနိုင်ပါသည်။
- အာမခံသက်တမ်းကို ၅ နှစ်၊ ၁၀ နှစ်၊ ၁၅ နှစ် စသည်ဖြင့် ထားရှိနိုင်ပါသည်။
- ပရီမီယံစတင်ပေးသွင်းသည့်နေ့သည် အာမခံစသည့်နေ့ဖြစ်ပါသည်။
- **အာမခံထားငွေကျပ် ၅၀,၀၀၀/- ၊ အာမခံသက်တမ်း ၅ နှစ်ထားရှိပါက အသက်အပိုင်း အခြားအရ ၁ နှစ်အတွက် အနည်းဆုံးပရီမီယံ ကျပ် ၁၀၂၃၇.၅၀ မှ အများဆုံးကျပ် ၁၀၈၇၀ ပေးသွင်းရပါမည်။**
- အာမခံကိုယ်စားလှယ်မှတစ်ဆင့် ပြည်သူ့ပြည်သားအာမခံထားရှိနိုင်ပါသည်။
- **ကိုယ်စားလှယ်ကော်မရှင် ပနှစ် ၂၀% ၊ ကျန်နှစ် ၅%**

## (၅) စုပေါင်းအသက်အာမခံ

အလုပ်ရှင်၏ ဆန္ဒအရသော်လည်းကောင်း (သို့မဟုတ်) အလုပ်သမားများ၏ ဆန္ဒအရသော် လည်းကောင်း အာမခံထားရှိနိုင်ပါသည်။

- အသက် ၁၈ နှစ်မှ ၆၀ နှစ် အတွင်းရှိသူဖြစ်ရပါမည်။
- အနည်းဆုံး အလုပ်သမား ၅ ဦးရှိရပါမည်။
- မျက်မြင်အားဖြင့် ကျန်းမာရေးကောင်းမွန်သူဖြစ်ရပါမည်။
- အလုပ်ရှင်မှ အလုပ်သမားများ ကျန်းမာကြောင်း ထောက်ခံချက် ပါရှိရပါမည်။
- အာမခံထားငွေ အနည်းဆုံး ကျပ် ၁၀၀၀၀၀/- မှ အများဆုံးကျပ် ၅ သန်းအထိထားရှိနိုင်ပါသည်။
- အာမခံသက်တမ်းမှာ ၁ နှစ်ဖြစ်ပါသည်။
- အသက် ၁၈ နှစ်မှ ၄၅ နှစ်အထိ၊ အာမခံထားငွေ ကျပ် ၁ သန်းအထိ ဆေးစစ်ခြင်း ကင်းလွတ်ခွင့်ဖြင့် လက်ခံပါသည်။

- အသက် ၄၅ နှစ်ကျော်လျှင်သော်လည်းကောင်း၊ အာမခံထားငွေကျပ် ၁ သန်းအထက် ကျော်လျှင်သော်လည်းကောင်းအထူးကုဆရာဝန်ဖြင့် ဆေးစစ်ရပါမည်။
- **အာမခံထားငွေကျပ် ၁၀၀,၀၀၀/- အတွက် တစ်နှစ်ကျသင့်ပရီမီယံ ကျပ် ၁၀၀၀/- ဖြစ်ပါသည်။**
- အာမခံကိုယ်စားလှယ်မှတစ်ဆင့်လည်း စုပေါင်းအသက်အာမခံ ထားရှိနိုင်ပါသည်။
- **ကိုယ်စားလှယ်ကော်မရှင် ၁၅%**
- အာမခံသက်တမ်းကုန်ဆုံးပါက သက်တမ်းတိုးထားရှိနိုင်ပါသည်။
- ထာဝစဉ်မစွမ်းမသန်ဖြစ်၍ လုံးဝအလုပ်မလုပ်ကိုင်နိုင်ခြင်းအတွက် အာမခံထားငွေ၏ ၁၀၀% အကျိုးခံစားခွင့်ထုတ်ပေးပါသည်။
- အာမခံထားသူများစာရင်းတွင် ပါဝင်သည့် အလုပ်သမားတစ်ဦးသည် လုပ်ငန်းခွင်မှ အပြီးထွက်သွားလျှင်သော်လည်းကောင်း၊ ထုတ်ပယ်ခြင်းခံရလျှင်သော်လည်းကောင်း၊ ယင်းနေ့ရက်နောက်ပိုင်းဖြစ်ပေါ်သော သေဆုံးခြင်းနှင့် ဒဏ်ရာရခြင်းအတွက် နစ်နာကြေးရခွင့်မရှိပါ။
- အလုပ်သမားကိုယ်တိုင် ပြစ်မှုကျူးလွန်ရာမှ ရရှိသောဒဏ်ရာအတွက် နစ်နာကြေးရခွင့်မရှိပါ။
- အလုပ်သမားကိုယ်တိုင်ဒဏ်ရာရရှိအောင်ဆောင်ရွက်ခြင်းမှ ရရှိသောဒဏ်ရာအတွက် နစ်နာကြေးရခွင့်မရှိ ပါ ။
- အလုပ်သမားသည် သက်တမ်းအတွင်း သေဆုံးခြင်း၊ ဒဏ်ရာရခြင်းဖြစ်ပါက တစ်လအတွင်း မြန်မာ့အာမခံလုပ်ငန်းသို့ သတင်းပေးပို့၍ အကျိုးခံစားခွင့်တောင်းခံရမည်။
- ဆေးကုသမှုအကာအကွယ်ယူလိုပါကအာမခံထားသည့် အလုပ်သမားတစ်ဦးလျှင် တစ်နှစ်အတွင်း အများဆုံးအကျိုးခံစားခွင့် ကျပ် ၁၀၀၀၀၀/- (ကျပ်တစ်သောင်း) အတွက် အပိုကြေးကျပ် ၁၀၀/- ပေးသွင်းရပါမည်။

## (၆) သင်္ဘောသားအသက်အာမခံ

- ၁.၇.၂၀၀၃ တွင် စတင်ခဲ့ပါသည်။
- သင်္ဘောသားအသက်အာမခံကို အသက် ၁၈ နှစ်မှ ၆၀ နှစ်ရှိသူ ပြည်ပထွက်ခွာ သင်္ဘောသားများ ထားရှိနိုင်ပါသည်။
- **အာမခံထားငွေ ကျပ်သိန်း ၅၀ (တစ်ယူနစ်) အတွက် တစ်နှစ်ကျသင့်ပရီမီယံမှာ ကျပ် ၂၅,၀၀၀/- ဖြစ်ပါသည်။**
- ၁ ယူနစ်မှ၄ ယူနစ်အထိ ဝယ်ယူနိုင်ပါသည်။
- အာမခံလက်မှတ်စတင်ဝယ်ယူသည့်နေ့မှစ၍ အာမခံသက်တမ်း၁ နှစ်ဖြစ်ပါသည်။

- နိုင်ငံကူးလက်မှတ်အမှတ်ဖော်ပြရန်လိုအပ်၍ သင်္ဘောသားမှတ်ပုံတင်အမှတ် စီဒီစီမိတ္တူနှင့် ဆေးမှတ်တမ်းမိတ္တူ တင်ပြရပါမည်။
- အကယ်၍ အသက် ၆၀ နှစ်ကျော်သော်လည်း ကျန်းမာရေးကောင်းမွန်သဖြင့် သင်္ဘောသားအသက်အာမခံထားလိုပါက တစ်ယူနစ်အတွက် အပိုပရီမီယံ ကျပ် ၅,၀၀၀/- ထပ်ဆောင်း၍ စုစုပေါင်းပရီမီယံ ကျပ် ၃၀,၀၀၀/- ဖြင့် လက်ခံဆောင်ရွက်ပေးပါသည်။
- အာမခံသက်တမ်းအတွင်း သေဆုံးခြင်းအတွက်သာ လျော်ကြေးပေးလျော်ပါသည်။
- သင်္ဘောသားသည် မိမိဆန္ဒအရ အကျိုးခံစားခွင့်ရှိသူကို အဆိုလွှာတွင် ဖော်ပြရမည်။
- မိမိကိုယ်ကိုသတ်သေခြင်း၊ ရာဇဝတ်မှုကျူးလွန်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ သင်္ဘောမှထွက်ပြေးခြင်းစသည်တို့ကြောင့် သေဆုံးလျှင် လျော်ကြေးမရရှိနိုင်ပါ။
- အာမခံထားသူသင်္ဘောသားသေဆုံးသောအခါ အကြောင်းအမျိုးမျိုးကြောင့် အလောင်းမရရှိပါက ၂ နှစ် ဆိုင်းငံ့ပြီး အကျိုးခံစားခွင့် ထုတ်ပေးပါသည်။
- အာမခံထားသူသင်္ဘောသားသေဆုံးပါက သေဆုံးသည့်နေ့မှ တစ်လအတွင်း လျော်ကြေးတောင်းခံခြင်းမရှိပါ ကဒဏ်ကြေး ၁၀% နှုတ်ဖြတ်၍ပေးလျော်ပါသည်။

## (၇) မြန်မာနိုင်ငံသား(တရားဝင်)ပြည်ပအလုပ်သမားအသက်အာမခံ

- ၁၇-၁၂-၂၀၀၄ တွင် စတင်ခဲ့ပါသည်။
- အသက် ၁၈ နှစ်မှ ၆၀ နှစ် အတွင်း ပြည်ပနိုင်ငံများတွင် တရားဝင် သွားရောက်အလုပ်လုပ်ကိုင်သည့် အလုပ်သမားများ အာမခံထားရှိနိုင်ပါသည်။
- ကျန်းမာကြောင်း အထောက်အထားတင်ပြရမည်။ (သို့မဟုတ်) မြန်မာ့အာမခံလုပ်ငန်းမှ သတ်မှတ်ထားသောဆရာဝန်ဖြင့် ဆေးစစ်ပုံစံများအတိုင်း ဆေးစစ်ခြင်းပြုလုပ်ရမည်။
- တရားဝင်ပြည်ပအလုပ်သမားတစ်ဦးလျှင် အာမခံထားငွေကျပ်သိန်း ၅၀ (တစ်ယူနစ်)၊ အာမခံသက်တမ်း ၁ နှစ်အတွက် ပရီမီယံ ကျပ် ၃၀,၀၀၀/- ဖြစ်ပါသည်။ အာမခံထားငွေ ကျပ် သိန်း ၂၀၀ (၄ ယူနစ်)အထိ ထားရှိနိုင်သည်။
- နိုင်ငံကူးလက်မှတ်မိတ္တူပူးတွဲတင်ပြရမည်။
- အာမခံထားသည့်အလုပ်သမား မြန်မာနိုင်ငံမှ စတင်ထွက်ခွာသည့်နေ့မှစ၍ အာမခံသက်တမ်းစတင်ပါသည်။
- သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာအတွက် လျော်ကြေးပေးရသော အသက်အာမခံ အမျိုးအစား ဖြစ်ပါသည်။
- အာမခံသက်တမ်းအတွင်း သေဆုံးပါက ၁ ယူနစ်အတွက် လျော်ကြေးငွေ ကျပ်သိန်း ၅၀ ရရှိမည်ဖြစ်ပါသည်။

- မိမိကိုယ်ကိုသတ်သေခြင်း၊ ရာဇဝတ်မှုကျူးလွန်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ (တရားမဝင်) အခြားကုမ္ပဏီများ၊ အလုပ်ရုံများတွင် သွားရောက်အလုပ်လုပ်ကိုင်၍ သေဆုံးခြင်းစသည် တို့ကြောင့် သေဆုံးလျှင် လျော်ကြေးမရရှိနိုင်ပါ။

## (၈) မြွေအန္တရာယ်အသက်အာမခံ

- ၁-၇-၂၀၀၅ တွင်စတင်ခဲ့ပါသည်။
- အသက်ကန့်သတ်ချက်မရှိ ကျား/ မ မရွေး ထားရှိနိုင်သည်။
- အရွယ်မရောက်သေးသူများအတွက် အရွယ်ရောက်သူက ထားပေးနိုင်ပါသည်။
- **တစ်ယူနစ် အာမခံထားငွေ ကျပ် ၅ သိန်း၊ ၁ နှစ်သက်တမ်းအတွက် ကျသင့်ပရီမီယံ ကျပ် ၅၀၀/- နှုန်းဖြင့် အာမခံထားရှိနိုင်ပါသည်။**
- တစ်ဦးလျှင် ၁၀ ယူနစ်ထိ ဝယ်ယူခွင့်ရှိ၍ အာမခံထားငွေအများဆုံး ကျပ်သိန်း ၅၀ အထိ ထားရှိနိုင်သည်။
- အာမခံသက်တမ်းအတွင်း မြွေကိုက်ခံရခြင်းကြောင့် သေဆုံးလျှင် ကျပ်တစ်ယူနစ်အတွက် အကျိုးခံစားခွင့် ၅ သိန်းရရှိပါမည်။
- မြွေကိုက်ခံရခြင်းအတွက် ဆေးဝါးကုသစရိတ် အများဆုံး ကျပ် ၈၀,၀၀၀/- ရရှိနိုင်ပါသည်။
- သယ်ယူပို့ဆောင်စရိတ် ကျပ် ၅,၀၀၀/- ဆေးရုံတက်ရလျှင် တစ်ရက်အတွက် ကျပ် ၁,၀၀၀/- နှုန်းဖြင့် ၇ ရက် အထိ အများဆုံးခွင့်ပြုပါသည်။
- မြွေကိုက်ခံရသဖြင့် အသက်မဆုံးရှုံးသော်လည်း မျက်စိနှစ်လုံးစလုံးကွယ်ခြင်း၊ ကိုယ်တစ်ပိုင်းသေခြင်း၊ ခြေချောင်းလက်ချောင်းများ ဖြတ်တောက်ရခြင်းတို့အတွက် ကျန်းမာရေးဌာန၏ ထောက်ခံချက်ဖြင့် တစ်ယူနစ်အတွက် အများဆုံးအကျိုးခံစားခွင့်ငွေ ကျပ် ၂၅၀,၀၀၀/- အား ထုတ်ပေးပါသည်။
- မြွေကိုက်ခံရသည့်နေ့မှ ၆ လအတွင်း အကျိုးခံစားခွင့်ကို အောက်ပါအထောက်အထားများဖြင့် တင်ပြတောင်းခံရမည်။
    - o ဆေးဝါးကုသမှုခံယူသည့် ကျေးလက်ကျန်းမာရေးဆေးခန်း(သို့မဟုတ်)တိုက်နယ်ဆေးရုံ (သို့မဟုတ်) မြို့နယ်ဆေးရုံ (သို့မဟုတ်) ကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက်
    - o ဆေးရုံတက်ရောက်ကုသသည့် ဆေးမှတ်တမ်းစာအုပ်မိတ္တူ
    - o ဆေးဝါးကုန်ကျစရိတ်အတွက် ပြေစာ/ဘောက်ချာများ
    - o သေဆုံးလျှင်သေစာရင်းမိတ္တူ
    - o နေထိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်
- အာမခံကိုယ်စားလှယ်မှတစ်ဆင့်လည်း မြွေအန္တရာယ်အသက်အာမခံထားရှိနိုင်ပါသည်။
- **ကိုယ်စားလှယ်ကော်မရှင် ၈%**

## (၉) အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအသက်အာမခံ

- ၃၁-၁၀-၂၀၀၇ တွင် စတင်ခဲ့ပါသည်။
- အသက် ၁၀ နှစ် မှ ၆၀ နှစ်အထိရှိသော ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်/တိုင်းဒေသကြီးအသီးသီးရှိ ကျောင်းသူ၊ ကျောင်းသားများနှင့် အားကစားသမားများ ထားရှိနိုင်ပါသည်။
- အားကစားသမားတစ်ဦးလျှင် အများဆုံးအာမခံထားငွေ ကျပ်သိန်း၅၀ ထိထားနိုင်ပါသည်။
- **မည့်သည့်အားကစားနည်းကိုမဆို အားကစားသမားတစ်ဦးလျှင် အာမခံသက်တမ်း ၁ နှစ် အာမခံထားငွေကျပ် ၁၀ သိန်းအတွက် တစ်ယူနစ်ကျသင့်ပရီမီယံ ငွေကျပ် ၅,၀၀၀/- ပေးဆောင်ရပါမည်။**
- အားကစားလေ့ကျင့်နေစဉ်နှင့် အားကစားပြိုင်ပွဲဝင်နေစဉ် အသက်ဆုံးရှုံးပါကတစ်ယူနစ်အတွက် ကျပ် ၁၀ သိန်းရရှိနိုင်ပါသည်။
- ဒဏ်ရာရရှိပါက ဆေးမှတ်တမ်းအပေါ် မူတည်၍ သတ်မှတ်နှုန်းထားအတိုင်း လျော်ကြေးရရှိနိုင်ပါသည်။
- ဆေးစစ်ခြင်းကင်းလွတ်ခွင့်ဖြင့် လက်ခံပါသည်။
- အားကစားသမားအာမခံထားသူသည် မိမိဆန္ဒအရ အကျိုးခံစားခွင့်ရှိသူကို အဆိုလွှာတွင် ဖော်ပြနိုင်သည်။
- ဂေါက်သီးအားကစားသမားများနှင့်အတူ ဂေါက်သီးကောက်သမား (Caddie)များလည်း အာမခံထားရှိနိုင်ပါသည်။
- နိုင်ငံကိုယ်စားပြုယှဉ်ပြိုင်သည့် လက်ရွေးစင်အားကစားသမားများ ပြည်ပတိုင်းပြည်များသို့ သွားရောက်ယှဉ်ပြိုင်သည့်အခါ ၎င်းနိုင်ငံများတွင် နေထိုင်စဉ်ကာလအတွင်း ထိခိုက်ဒဏ်ရာနှင့် သေဆုံးခြင်းအတွက် အများဆုံး ကျပ် ၁၀ သိန်းရမည်ဖြစ်သည်။ ဆေးရုံတက်ရခြင်း ၁ ပတ် အများဆုံးကျပ် ၁၀၀၀၀/- (၅၂ ပတ်ထိသာ) ရရှိနိုင်ပါသည်။ ကျသင့်ပရီမီယံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ရက်တိုခရီးစဉ်**

| | | |
|---|---|---|
| ၇ ရက်ခရီးစဉ် | = | ပရီမီယံကျပ် ၅၀၀/- |
| ၁ လခရီးစဉ် | = | ပရီမီယံကျပ် ၁,၀၀၀/- |

ရက်တိုအားကစားသမားအာမခံထားရှိခြင်းအား တစ်နှစ်သက်တမ်းထားရှိပြီးသော အားကစားသမားများကိုသာ လက်ခံဆောင်ရွက်ပေးသည်။

## (၁၀) ကျန်းမာရေးအာမခံ

- ကျန်းမာရေးအာမခံလုပ်ငန်း New Version ကို ၁-၄-၂၀၁၇ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။
- အသက် ၆ နှစ်မှ ၆၅ နှစ်ထိ မျက်မြင်အားဖြင့် ကျန်းမာသူတိုင်းထားရှိနိုင်ပါသည်။
- အခြေခံအာမခံအကာအကွယ်၊ အခြေခံအာမခံအကာအကွယ်(ထပ်ပေါင်းယူနစ်)နှင့် ရွေးချယ်နိုင်သည့် အာမခံအကာအကွယ်(၁)နှင့် (၂)တို့ကိုဝယ်ယူနိုင်ပါသည်။
- အခြေခံအာမခံအကာအကွယ်ဝယ်ယူပြီးမှသာ ထပ်ပေါင်းယူနစ်နှင့် ရွေးချယ်နိုင်သည့် အာမခံအကာအကွယ်များကိုဝယ်ယူနိုင်မည်ဖြစ်ပါသည်။
- အခြေခံအာမခံအကာအကွယ် ဝယ်ယူထားသည့် ယူနစ်အရေအတွက် စုစုပေါင်းအထိသာ ရွေးချယ်နိုင်သည့် အာမခံအကာအကွယ်ယူနစ်များကို ဝယ်ယူရမည်ဖြစ်ပါသည်။
- အခြေခံယူနစ် ၁ ယူနစ်နှင့်အတူ ထပ်ပေါင်းယူနစ် ၁ ယူနစ်မှ ၈ ယူနစ်အထိနှင့် ရွေးချယ်နိုင်သည့် အာမခံအကာအကွယ်များကို ၁ ယူနစ်မှ ၁၀ ယူနစ်အထိ ဝယ်ယူနိုင်ပါသည်။
- ပရီမီယံနှုန်းထားအား နောက်ဆက်တွဲဇယားဖြင့် ဖော်ပြထားပါသည်။
- အာမခံသက်တမ်းမှာ (၁) နှစ်ဖြစ်ပါသည်။
- ဆေးရုံတက်ရောက်ကုသမှုခံယူပါက အာမခံလက်ခံသူသို့ ကြိုတင်အကြောင်းကြားရမည်ဖြစ်ပြီး ဆေးရုံမှဆင်းပြီး အလုပ်လုပ်ရက်(၁၀)ရက်အတွင်း ဆေးကုသမှုမှတ်တမ်းနှင့်တကွ အကျိုးခံစားခွင့် တောင်းခံရပါမည်။
- အာမခံကိုယ်စားလှယ်များမှတစ်ဆင့်လည်း ထားရှိနိုင်ပါသည်။
- **အာမခံကိုယ်စားလှယ်များအတွက် ပေးသွင်းပရီမီယံ၏ ၁၀% ကော်မရှင်အကျိုးခံစားခွင့်ရှိပါသည်။**
- အကျိုးခံစားခွင့် တင်ပြတောင်းခံခြင်းအတွက် အာမခံလက်ခံသူမှ ထပ်မံတောင်းခံသော လိုအပ်ချက်များကို အာမခံထားသူမှ ၃ လအတွင်းပေးပို့နိုင်ခြင်းမရှိပါက အကျိုးခံစားခွင့်ဆုံးရှုံးမည်။

# ကျန်းမာရေးအာမခံအကာအကွယ်အမျိုးအစားအလိုက် ရရှိနိုင်သည့်အကျိုးခံစားခွင့်များ

| စဉ် | အာမခံအကာ<br>အကွယ်နှင့်ယူနစ် | အာမခံအကျိုးခံစားခွင့် | လျော်ကြေးပေးချေရမည့်အကြောင်းရင်း | အကျိုးခံစားခွင့်ငွေ(ကျပ်) |
|---|---|---|---|---|
| ၁ | အခြေခံအာမခံ<br>အကာအကွယ်<br>(အခြေခံယူနစ်) | ရောဂါကြောင့်ဆေးရုံတက်ခြင်း<br>မတော်တဆမှုကြောင့်ဆေးရုံတက်ခြင်း<br>မတော်တဆမှုကြောင့်သေဆုံးခြင်း<br>ရောဂါကြောင့်သေဆုံးခြင်း<br><br>ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း | ဆေးကုသရန်ရည်ရွယ်ချက်ဖြင့်<br>ဆေးရုံတက်သည့်အခါ<br>မတော်တဆထိခိုက်သေဆုံးသည့်အခါ<br>မတော်တဆထိခိုက်မှုမှအပဖြစ်သော<br>အကြောင်းရင်းကြောင့်သေဆုံးသည့်အခါ<br>ထာဝစဉ်မသန်စွမ်းခြင်းအခြေအနေနှင့်<br>ကိုက်ညီသည့်အခါ | -ဆေးရုံတက်ရက်၁ရက်ကျပ်၂၀၀၀၀/-<br>-အများဆုံးရက်ပေါင်း ၆၀ ထိသာ<br>-ကျပ် ၂၀၀၀၀၀၀/-<br>-ကျပ် ၁၀၀၀၀၀၀/-<br><br>-ကျပ် ၁၀၀၀၀၀၀/- |
| ၂ | အခြေခံအာမခံ<br>အကာအကွယ်<br>(ထပ်ပေါင်းယူနစ်) | ရောဂါကြောင့်ဆေးရုံတက်ခြင်း<br>မတော်တဆမှုကြောင့်ဆေးရုံတက်ခြင်း<br>မတော်တဆမှုကြောင့်သေဆုံးခြင်း<br>ရောဂါကြောင့်သေဆုံးခြင်း<br><br>ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း | ဆေးကုသရန်ရည်ရွယ်ချက်ဖြင့်ဆေးရုံ<br>တက်သည့်အခါ<br>မတော်တဆထိခိုက်သေဆုံးသည့်အခါ<br>မတော်တဆထိခိုက်မှုမှအပဖြစ်သော<br>အကြောင်းရင်းကြောင့် သေဆုံးသည့်အခါ<br>ထာဝစဉ်မသန်စွမ်းခြင်းအခြေအနေနှင့်<br>ကိုက်ညီသည့်အခါ | -ဆေးရုံတက်ရက်၁ရက်ကျပ်၁၀၀၀၀/-<br>-အများဆုံးရက်ပေါင်း ၆၀ ထိသာ<br>-ကျပ် ၁၀၀၀၀၀၀/-<br>-ကျပ် ၁၀၀၀၀၀၀/-<br><br>-ကျပ် ၁၀၀၀၀၀၀/- |
| ၃ | ရွေးချယ်နိုင်သည့်<br>အာမခံ<br>အကာအကွယ်(၁)<br>၁ ယူနစ် | ခွဲစိတ်ကုသခြင်း<br><br><br>ကိုယ်ဝန်ပျက်ကျခြင်း | တစ်ကိုယ်လုံးမေ့ဆေး(သို့မဟုတ်)<br>ကိုယ်တစ်ပိုင်းထုံဆေးဖြင့် ခွဲစိတ်ကုသမှုကို<br>ခံယူသည့်အခါ<br>သဘာဝအလျောက်ကိုယ်ဝန်ပျက်ကျခြင်း<br>(သို့မဟုတ်)ရောဂါကြောင့်ကိုယ်ဝန်ပျက်<br>ကျခြင်းဖြစ်ပြီး၊ကိုယ်ဝန်ပျက်ကျမှုအတွက်<br>ကုသခြင်းအဖြစ်ဆေးရုံတက်ပြီး<br>ခွဲစိတ်မှု၊ကုသမှုကိုပြုလုပ်သည့်အခါ | ခွဲစိတ်ကုသမှုအတွက်အမှန်တကယ်တို<br>က်ရိုက်ကုန်ကျစရိတ်၊သို့သော်အနည်း<br>ဆုံး ၅သိန်းကျပ်<br>-ဝယ်ယူထားသည့်ယူနစ်နှင့်မဆိုင်ဘဲ<br>၃ သိန်းကျပ်<br><br>ခွဲစိတ်ကုသခြင်းနှင့်ကိုယ်ဝန်ပျက်ကျခြ<br>င်းနှစ်ခုပေါင်းအတွက်<br>၅သိန်းကျပ်xအာမခံထားသည့်ယူနစ်ပေ<br>ါင်းကိုစုစုပေါင်းအများဆုံးပေးချေနိုင်<br>သည့်ပမာဏအဖြစ်သတ်မှတ်မည်။ |
| ၄ | ရွေးချယ်နိုင်သည့်<br>အာမခံ<br>အကာအကွယ်(၂)<br>၁ ယူနစ် | ပြင်းထန်သောရောဂါကုသမှုကင်ဆာဖြ<br>စ်သောအလုံးအကျိတ်<br><br><br>ရုတ်တရက်ဖြစ်သောနှလုံးသွေးကြော<br>ပိတ်ရောဂါ<br><br>လေဖြတ်ခြင်း | ပထမဆုံးအကြိမ်ကင်ဆာဖြစ်သော<br>အလုံးအကျိတ်ဖြစ်သည်ဟုအမည်သတ်မှတ်<br>ခံရပြီး၊ဆေးကုသမှုကို<br>စတင်သည့်အခါ<br>ရုတ်တရက်ဖြစ်သောနှလုံးသွေး<br>ကြောပိတ်ရောဂါကြောင့် ဆေးရုံစတက်<br>သည့်အခါ<br>လေဖြတ်ခြင်းကြောင့်ဆေးရုံစတက်သည့်အ<br>ခါ | ကျပ် ၁၀၀၀၀၀၀/- |

# ကျန်းမာရေးအာမခံအာမခံအကာအကွယ်အမျိုးအစားအလိုက် ပရီမီယံနှုန်းဇယား

| စဉ် | အာမခံအကာအကွယ် | အသက်အုပ်စု | လစဉ် ပရီမီယံ (ကျပ်) | ၃လ တစ်ကြိမ် ပရီမီယံ (ကျပ်) | ၆ လ တစ်ကြိမ် ပရီမီယံ (ကျပ်) | တစ်လုံးတည်း ပရီမီယံ (ကျပ်) |
|---|---|---|---|---|---|---|
| ၁ | အခြေခံအာမခံ အကာအကွယ် (အခြေခံယူနစ်) | ၆-၄၀ | ၄၀၀၀ | ၁၁၆၀၀ | ၂၂၄၀၀ | ၄၄၀၀၀ |
| | | ၄၁-၅၀ | ၄၅၀၀ | ၁၃၁၀၀ | ၂၅၂၀၀ | ၄၉၅၀၀ |
| | | ၅၁-၆၀ | ၆၅၀၀ | ၁၈၉၀၀ | ၃၆၄၀၀ | ၇၁၅၀၀ |
| | | ၆၁-၆၅ | ၈၅၀၀ | ၂၄၇၀၀ | ၄၇၆၀၀ | ၉၃၅၀၀ |
| ၂ | အခြေခံအာမခံ အကာအကွယ် (ထပ်ပေါင်းယူနစ်) ၁ ယူနစ် | ၆-၄၀ | ၂၀၀၀ | ၅၈၀၀ | ၁၁၂၀၀ | ၂၂၀၀၀ |
| | | ၄၁-၅၀ | ၃၀၀၀ | ၈၇၀၀ | ၁၆၈၀၀ | ၃၃၀၀၀ |
| | | ၅၁-၆၀ | ၄၅၀၀ | ၁၃၁၀၀ | ၂၅၂၀၀ | ၄၉၅၀၀ |
| | | ၆၁-၆၅ | ၆၀၀၀ | ၁၇၄၀၀ | ၃၃၆၀၀ | ၆၆၀၀၀ |
| ၃ | ရွေးချယ်နိုင်သည့် အာမခံအကာ အကွယ်(၁) ၁ ယူနစ် | ၆-၆၅ | ၂၀၀၀ | ၅၈၀၀ | ၁၁၂၀၀ | ၂၂၀၀၀ |
| ၄ | ရွေးချယ်နိုင်သည့် အာမခံအကာ အကွယ်(၂) ၁ ယူနစ် | ကျား ၆- ၄၀ | ၁၅၀၀ | ၄၄၀၀ | ၈၄၀၀ | ၁၆၅၀၀ |
| | | ကျား၄၁-၆၅ | ၂၀၀၀ | ၅၈၀၀ | ၁၁၂၀၀ | ၂၂၀၀၀ |
| | | မ ၆ - ၄၀ | ၂၀၀၀ | ၅၈၀၀ | ၁၁၂၀၀ | ၂၂၀၀၀ |
| | | မ ၄၁ - ၆၅ | ၂၅၀၀ | ၇၃၀၀ | ၁၄၀၀၀ | ၂၇၅၀၀ |

## (၁၁) တောင်သူလယ်သမားအသက်အာမခံ

- တောင်သူလယ်သမားအသက်အာမခံကို ၁၀-၇-၂၀၁၇ ရက်နေ့တွင် စတင်လက်ခံ ဆောင်ရွက်ခဲ့ပါသည်။
- တစ်ဦးချင်းထားရှိနိုင်သည့် နှစ်ချင်းအလိုက် အသက်အာမခံအမျိုးအစားဖြစ်ပါသည်။
- တောင်သူလယ်သမားများ၊ ၎င်းတို့၏မိသားစုများ၊ ဆွေမျိုးတော်စပ်သူများ၊ လယ်ယာလုပ်ငန်းအတူလုပ်ကိုင်သူများနှင့် အခြားသူများပါ အာမခံထားရှိနိုင်ပါသည်။
- အသက် ၁၆ နှစ်မှ ၆၀ နှစ်အတွင်းရှိသူများ ထားရှိနိုင်ပါသည်။
- အာမခံသက်တမ်းမှာ ၁နှစ်၊ နှစ်စဉ်သက်တမ်းဆက်ထားရှိနိုင်ပါသည်။
- ပရီမီယံနှုန်းမှာ အာမခံထားငွေ၏ ၁% ဖြစ်ပါသည်။
- အနည်းဆုံးအာမခံထားငွေ ကျပ်တစ်သိန်းမှ အများဆုံးကျပ်သိန်း ၅၀ ထိထားရှိနိုင်ပါသည်။
- အာမခံသက်တမ်းအတွင်း သေဆုံးခြင်းနှင့် ထာဝစဉ်မသန်မစွမ်းဖြစ်ခြင်းတို့အတွက် ၁၀၀% နှင့် မတော်တဆထိခိုက်ဒဏ်ရာရခြင်းအတွက် ဆရာဝန်၏ထောက်ခံချက်ပေါ်အခြေခံ၍ သက်မှတ်ထားသည့်နှုန်းထားအတိုင်း အကျိုးခံစားခွင့်ရရှိမည်ဖြစ်ပါသည်။
- ဆေးရုံဆေးခန်းတွင် တက်ရောက်ကုသလျှင် အာမခံထားငွေကျပ်တစ်သိန်းအတွက် တစ်ရက်လျှင် ၂၀၀၀ ကျပ်နှုန်းတစ်ကြိမ်လျှင် အများဆုံး ၅ရက်နှင့် ၃ ကြိမ်အထိ အကျိုးခံစားခွင့်ရှိပါသည်။
- **အာမခံထားငွေကျပ် ၁၀၀,၀၀၀/- အတွက် တစ်နှစ် ကျသင့်ပရီမီယံကျပ် ၁,၀၀၀/- ဖြစ်ပါသည်။**
- **ကော်မရှင်အဖြစ် ပရီမီယံပေါ်မှ ၁၀% ခံစားခွင့်ပြုပါမည်။**

## (၁၂) နှစ်တိုငွေပင်ငွေရင်းအသက်အာမခံ (Short Term Endowment Life Insurance)

- အသက် (၁၀) နှစ်မှ (၆၀) နှစ်အတွင်းရှိရပါမည်။
- အာမခံထားသူသည် အသက် (၁၀) နှစ်မှ (၁၈) နှစ်အတွင်းရှိသူဖြစ်လျှင် မိဘ/အုပ်ထိန်းသူ၏ ခွင့်ပြုချက်စာဖြင့် အသက်အာမခံထားရှိနိုင်ပါသည်။
- အာမခံသက်တမ်းကို ၅ နှစ် (သို့မဟုတ်) ၇ နှစ် (သို့မဟုတ်) ၁၀ နှစ်ထားနိုင်ပါသည်။
- သို့ရာတွင် အသက် ၅၆ နှစ်မှ ၅၈ နှစ်ထိရှိသူများမှာ အာမခံသက်တမ်း ၇ နှစ်ထိလည်းကောင်း၊ အသက် ၅၉ နှစ်မှ ၆၀ နှစ်ထိရှိသူများမှာ အာမခံသက်တမ်း ၅ နှစ်ထိလည်းကောင်း ရွေးချယ်ထားနိုင်ပါသည်။
- အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံးကျပ်သိန်း ၅၀၀ ထိ အာမခံထားနိုင်ပါသည်။
- အာမခံထားငွေအရသော်လည်းကောင်း၊ အသက်အရသော်လည်းကောင်း လိုအပ်ပါက အာမခံထားသူသည် ကျန်းမာရေးစစ်ဆေးမှုခံယူရန်လိုပါသည်။

- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသည့် ဆေးရုံ/ဆေးခန်းများမှ ဆရာဝန်များ၏ ကျန်းမာရေးစစ်ဆေးချက်ပါရမည်။
- ပရီမီယံကို ၁ လတစ်ကြိမ်၊ ၃ လတစ်ကြိမ်၊ ၆ လတစ်ကြိမ်၊ ၁၂ လတစ်ကြိမ် အရစ်ကျ ပေးသွင်းနိုင်သည်။
- အရစ်ကျပရီမီယံကို ပေါ်လီစီတွင်ဖော်ပြထားသည့် ပရီမီယံပေးသွင်းရန်စေ့သည့်နေ့မှ အပိုရက်ပေါင်း (၃၀)အတွင်းပေးသွင်းရပါမည်။ အပိုရက်အတွင်း ပရီမီယံပေးသွင်းရန်ပျက်ကွက်လျှင် ပေါ်လီစီပျက်ပြယ်သည်။
- ပရီမီယံကို အနည်းဆုံး (၁) နှစ်အတွက် ပေးသွင်းပြီးပါက ပေါ်လီစီအတည်ဖြစ်ပါသည်။
- နှစ်တိုငွေပင်ငွေရင်းအသက်အာမခံထားသူတစ်ဦးအနေဖြင့် အာမခံအကျိုးခံစားခွင့်အား မည်သူ့ကိုမဆို တစ်ဦးတည်းဖြစ်စေ (သို့) တစ်ဦးထက်ပို၍ဖြစ်စေ ကြိုက်နှစ်သက်ရာ ရာခိုင်နှုန်းအချိုးအစားအလိုက်လွှဲပြောင်းပေးနိုင်ပါသည်။
- အာမခံထားသူတစ်ဦးသည် ပေါ်လီစီတွင်ဖော်ပြထားသည့် သက်တမ်းစေ့ရောက်သည့်နေ့တွင် အာမခံထားငွေကို တစ်လုံးတည်းထုတ်ယူနိုင်ပါသည်။
- အာမခံထားသူသည် ပေါ်လီစီတည်မြဲနေစဉ်အတွင်း ရုတ်တရက်ထိခိုက်ခြင်းကြောင့်လည်းကောင်း၊ ရောဂါကြောင့်လည်းကောင်း ထာဝစဉ်မသန်စွမ်းဖြစ်၍ ဝင်ငွေရရှိသောအလုပ်အကိုင်ကို လုံးဝမလုပ်ကိုင်နိုင်လျှင် အာမခံထားငွေကို တစ်လုံးတည်းထုတ်ပေးပါမည်။

**အောက်ပါအကြောင်းများကြောင့် ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း၊ သေဆုံးခြင်းများဖြစ်ခဲ့လျှင် အကျိုးခံစားခွင့်မရရှိနိုင်ဘဲ ပေးသွင်းပြီးပရီမီယံကိုသာ ပြန်ထုတ်ပေးမည်။**

- အာမခံစသည့်နေ့မှ တစ်နှစ်အတွင်း မိမိကိုယ်ကိုသတ်သေခြင်း၊ အာမခံဝယ်ယူစဉ်က ဖော်ပြရန်ထိန်ချန်ခဲ့သော ရှိရင်းစွဲရောဂါကြောင့် တစ်နှစ်အတွင်းသေဆုံးခြင်း အာမခံစသည့်နေ့မှ တစ်နှစ်အတွင်းထာဝစဉ်မသန်စွမ်းဖြစ်ခဲ့လျှင်
- မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့်ဖြစ်သည့် ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။
- ဘေးအန္တရာယ်ဖြစ်စေသော ဆေးကိုမှီဝဲခြင်းကြောင့်ဖြစ်သည့် ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။
- ကြိုတင်ရည်ရွယ်ချက်ဖြင့် မိမိကိုယ်ကို အနာတရဖြစ်အောင်လုပ်ခြင်းကြောင့်ဖြစ်သည့် ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။
- မိမိကိုယ်ကိုသတ်သေခြင်းကြောင့် မသေဘဲ ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။
- ကိုယ်တိုင်ရာဇဝတ်မှုကျူးလွန်ခြင်းကြောင့် ဖြစ်သည့်ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။
- အာမခံဝယ်ယူစဉ်က ဖော်ပြရန်ထိန်ချန်ခဲ့သော ရှိရင်းစွဲရောဂါကြောင့် ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။